# စာလွမ်းဆိုင်

စံပယ်ဖြူနု



# အလွမ်းဆိုင်သို့ ခရီးရှည်

'အလွမ်းဆိုင်' ဟာ ဘယ်တုန်းက စလို့ အခြေတည်ပါလိမ့်ဆိုရင် ရွှေအမြုတေမဂ္ဂဇင်းမှာ ရေးခဲ့ဖူးတဲ့ မဂ္ဂဇင်းဝတ္ထုရှည် တစ်ပုဒ်အကြောင်း ကျွန်မ စပြောရပါလိမ့်မယ်။

'အလွမ်းဆိုင်' လို့ ပဲ အမည်ပေးထားတဲ့ အဲဒီ မဂ္ဂဇင်းဝတ္ထုရှည်ကို ရေးဖို့ စိတ်ကူးရတော့လည်း စာအုပ်ဆိုင်လေးတွေ နောက်ခံနဲ့ ပါပဲ။ စာမရေးခင် စာအုပ်ဆိုင်ရှင်တွေနဲ့ စကားပြော၊ စာအုပ်ဆိုင်တွေဆီ တလည်လည် ရောက်တဲ့ အခါ ချန်ခဲ့ရတဲ့ ခေတ်ကြီးတစ်ခေတ်လုံးကို လွမ်းလာပါရော။ ပြန်မရနိုင်မှန်းလည်း နားလည်နေတဲ့ အခါ အလွမ်းစိတ်ဟာ ပိုနာကျင်စရာ ကောင်းခဲ့ပါတယ်။

မဂ္ဂဇင်းဝတ္ထုရှည် အဖြစ်နဲ့ သာ ရေးလိုက်ပေမယ့် စိတ်ထဲက ဆက်လိုက်မိတဲ့ အတွေးကတော့ အဲဒီမှာ တင် မရပ်ခဲ့ဘူး ဆိုပါတော့။ တစ်နေ့ကျရင် မတူတဲ့ ဇာတ်ကောင်တွေနဲ့ မတူညီတဲ့ နောက်ခံကို ယူပြီး ဒီနာမည်နဲ့ ပဲ ဝတ္ထုရှည်တစ်ပုဒ် ရေးမယ်လို့ ကျွန်မ စိတ်ကူးခဲ့ပါတယ်။ စိတ်ကူးရုံ အဆင့်ကနေ တကယ်ရေးဖြစ်ဖို့ တော့ အချိန်ကာလတစ်ခု ကြာခဲ့ပါတယ်။

တစ်ခါတလေမှာ ရေးလိုက်မယ် တေးထား၊ တွေးထားပေမယ့် တကယ့်ရေးချင်စိတ်ကို လှုပ်နှိုးဖို့ တော့ အခြေအနေ၊ ဒါမှ မဟုတ် အချက်

လေးတစ်ခုခု ကြုံလာဖို့ လိုသေးတာကိုး။

ကျွန်မရဲ့ မဖြစ်မနေ ရေးချင်စိတ်ကို လှုပ်နှိုးခဲ့တဲ့ အချက်ကတော့ ခရီးတစ်ခုကနေ အစပြုခဲ့တာပါ။

၂၀၁၆ နိုဝင်ဘာလ နေကြာရိုင်းတွေ ဝင်းဝါထိန်အောင် ပွင့်နေချိန်မှာပဲ ကျွန်မ သီပေါကို ပထမဆုံး ရောက်ခွင့်ကြုံပါတယ်။ 'လက်ဖက်ရည်တစ်ခွက်ရဲ့ ဒိုင်ယာရီ' ရေဒီယိုဇာတ်လမ်းတွဲက ဇာတ်ဝင်ခန်းတွေ အသံသွင်းဖို့ ရောက်သွားရတဲ့ ခရီးပါ။ တစ်ပတ်လောက် ကြာမယ့် ဒီခရီးဟာ ကျွန်မအတွက် အမှတ်တရများ စွာ မွေးဖွားပေးတဲ့ ခရီးတစ်ခု ဖြစ်လာမယ်ဆိုတာ အဲဒီတုန်းကတော့ မသိနိုင်ခဲ့သေးပါဘူး။

အစဦး ရက်တွေမှာ တော့ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးသူတွေ အသံသွင်းမယ့် နေရာ ရှာကြဖွေကြ၊ ကွင်းဆင်း အင်တာဗျူး လုပ်ကြဆဲ။ ကျွန်မတို့ ကို ခဏလောက်နားရင် နားလို့ ရတယ် ဆိုပေမယ့် မရောက်ဖူးတဲ့ အရပ်ဒေသမို့ ကွင်းဆင်းရာမှာ လည်း နောက်က တောက်လျှောက် လိုက်မိတယ်။

တစ်ရက်တော့ ဘော်ကြိုကို ရောက်ပါတယ်။ ဘော်ကြိုဘုတာလေးကို စတွေ့ပါတယ်။ ဘူတာများ စွာကို မြင်ဖူးပေမယ့် ဒီဘူတာရုံလေးကို စတွေ့လိုက်တဲ့ အချိန် ကျွန်မ စိတ်ထဲ လှုပ်ခတ်လှတာ ဘာကြောင့်ဆိုတာ အဲဒီတုန်းက နားမလည်သလို ခုထိလည်း နားမလည်နိုင် ဖြစ်ရတုန်းပါပဲ။

ကွင်းဆင်းသူတွေ အလုပ်များ နေကြသလို ကျွန်မလည်း တစ်နေရာမှာ ထိုင်ပြီး ဘူတာလေးကို ငေးပါတယ်။ နေကြာရိုင်းတွေ နောက်ခံထားတဲ့ တောင်တန်းတွေကို ငေးပါတယ်။ သံလမ်းကို ငေးပါတယ်။ အရိပ်များ စွာကို မြင်ပါတယ်။

ဒီတစ်ကြိမ်တော့ အလုပ်နဲ့ မို့ နောက်တစ်ကြိမ် သီးခြားလာဦးမယ်လို့ တေးပြီး သီပေါကို နှုတ်ဆက်ခဲ့ပါတယ်။ တကယ်တမ်း သီပေါ ပြန်သွားဖြစ်တော့ ၂၀၁၇ မှာ ပါ။ ဇွန်လရဲ့ မိုးရေစက်တွေ ကြားထဲမှာ ပဲ ကျွန်မနေရာဟောင်းလေးဆီ ပြန်ရောက်သွားခဲ့ပါတယ်။ တစ်ပတ်ပဲနေဖို့ အချိန်ရတဲ့ အထဲ သုံးရက်လောက်က ဈာန်မဝင်လှ၊ နောက်လေးရက်ကတော့ ဈာန်ဝင်စားရာနောက် စိတ်ရော ကိုယ်ပါ ပင်ပန်းလောက်အောင် အပြေးအလွှား သွားလာခဲ့ရတာလည်း အမှတ်ရစရာပါပဲ။

ရန်ကုန် ပြန်ရောက်တော့ 'အလွမ်းဆိုင်' ကို စရေးပါတယ်။ အခု ထွက်လာတဲ့ ပုံစံ မဟုတ်သေးတဲ့ တင်ပြပုံတစ်ခုနဲ့ ပါ။ ရေးရင်းနဲ့ မှ အမျိုးသမီးဇာတ်ကောင် ငယ်ဘဝကို ထားချင်တဲ့ ရွာကလေး အာရုံမှာ ပေါ်လာ၊ သို့သော် မရေရာပြန်တော့ အဲဒီဘူတာရွာကို ကြည့်ဖို့ သက်သက် မန္တလေး-လားရှိုးလမ်းကို တစ်ခေါက် ပြန်သွားခဲ့ရပါသေးတယ်။ ၂၀၁၇ ဩဂုတ်မှာ ပါပဲ။

'အလွမ်းဆိုင်' ခရီးရှည်အကြောင်း ပြောရင်းနဲ့ ကျေးဇူးတင်စရာ မိတ်ဆွေများကို အမှတ်ရပါတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ် ရထားခရီးတွေမှာ ကျွန်မကို အကြို၊ အပို့နဲ့ ခဏတာ နားနေတည်းခိုဖို့ စီစဉ်ပေးခဲ့ကြတဲ့ မန္တလေးနဲ့ ပြင်ဦးလွင်က မိတ်ဆွေသူငယ်ချင်းများ ၊ သီပေါမှာ နေရေးထိုင်ရေးအတွက် အဝေးက လှမ်းစီစဉ်ပေးခဲ့တဲ့ သူငယ်ချင်း စိမ်း၊ သီပေါမှာ နေရတဲ့ တစ်ပတ်တာအတွင်း မိသားစုလို စောင့်ရှောက်ခဲ့ကြတဲ့ ညီမ နန်းဆက်ထက်ဦး မိသားစု၊ ဆွေမျိုးပမာ ချစ်ခင်ရတဲ့ ဟိုမော်ရွာက လုံးသုမနနဲ့ ပါရွှေယိင်းမိသားစု .. ကျေးဇူးတင်ရပါတယ်။

ကျွန်မ သီပေါ ပြန်မသွားခင် တစ်ချိန်က နေ့ရက်တွေကို ပြန်ပြောင်းပုံဖော်ပြခဲ့တဲ့ ဦးဇင်း ဂျောင်းဂျောင်း (ရွှေဝါရောင်)၊ သားကြီးမောင်ဇေယျ

၊ သီပေါမြို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြ ပေးခဲ့ကြတဲ့ ဘဘ ဦး ကျော်စိန် မိသားစု၊ ဝင်းသီရိ ပုံနှိပ်တိုက်က ဦးလှဘော်၊ ရွှေချိန်ခွင် ရွှေဆို င်က ဘဘ ဦးကျော်သိန်း၊ နဂါးလက်ဖက်ရည်ဆိုင်က ဦးစံဝင်းနဲ့ ဒေါ် ဟန်တင်၊ ဦးလေး ဦးရဲအောင် (တေးရေး တက္ကသိုလ်ရဲအောင်)၊ ကာကာ လက်ဖက်ရည်ဆိုင်က ဦးဘလှိုင်၊ အ.ထ.က (၁) သီပေါက ကျောင်းအုပ် ဆရာမကြီး ဒေါ်သီတာသိန်း၊ စိန်လက်ဖက်ခြောက်နှင့် ကုန်မျိုးစုံ ရောင်း ဝယ်ရေးက ဦးစံလှ၊ ကိုစိုင်းမြတ်ကျော် အပါအဝင် ဆရာမ မသီတာ (စမ်းချောင်း)ရဲ့ ဆွေမျိုးများ ၊ အခြေခံ ပညာအထက်တန်းကျောင်း (ခွဲ) ဘော်ကြိုက ကျောင်းအုပ်ဆရာမကြီးနဲ့ ဆရာမများ ၊ ဘော်ကြိုရွာ ပဒုမ္မာ ဆိုင်က ဒေါ်သင်းသင်းရီ၊ ဘော်ကြိုဘုရား ဂေါပကအဖွဲ့၊ ကျွန်မနဲ့ အတူ ဘော်ကြိုကျောင်း၊ ဘော်ကြိုဘူတာ၊ သီပေါဟော် စတဲ့ နေရာတွေဆီ အ တူလိုက်ပါပေးခဲ့တဲ့ ကိုပေါက်၊ ဆရာ ရဲကျော်သူ ..။ 'အလွမ်းဆိုင်' ကို ပြန်ဖတ်မိခိုက်မှာ သီပေါမြို့ပေါ်က၊ ဘော်ကြိုရွာ၊ ဟိုမှော်ရွာ၊ နားခဲရွာ တွေက (အမည်ဖော်ပြဖြစ်သော၊ မဖော်ပြဖြစ်သော) မိတ်ဆွေတွေကို ပြေးမြင် အမှတ်ရပါတယ်။

စာအုပ်ဆိုင်တွေကိုလည်း အဓိက နောက်ခံတစ်ခုအနေနဲ့ ရေးဖို့ ရှိတဲ့ အတွက် ကျွန်မ ရောက်ခဲ့ရတဲ့ သီပေါမြို့က ခရေရိပ်စာပေ၊ ပုရစ်ဖူးစာ ပေ၊ ရန်ကုန်မြို့ စမ်းချောင်းက ထင်ပေါ်စာပေ၊ အလုံက အိပ်မက်ရိပ်စာ ပေ၊ သုဝဏ္ဏာက နှင်းပန်းအိမ်စာပေတို့ ကိုလည်း ကျေးဇူးမှတ်တမ်း တင် ချင်ပါတယ်။

ရေဒီယိုခေတ်တစ်ခုကို ပြန်ပြောင်း ပြောပြရုံမက ကျွန်မရဲ့ နေကြာရို င်းပွင့်ကလေး လှပလာအောင် အကြမ်းထည် အဆင့်မှာ အယ်ဒီတာ တာ ဝန်ယူပေးခဲ့တဲ့ ကြည်၊ မျက်နှာဖုံးအတွက် နားပူခဲ့တဲ့ ကျွန်မကို နှစ်သိမ့် ကျေနပ်စရာ အဖုံးလှလှလေး ဖန်တီးပေးခဲ့တဲ့ ဆရာ နေမျိုးဆေး၊ ပြင်ဦး

လွင်မှာ လေးရက်တာ စာရေးနေထိုင်ဖို့ စီစဉ်ပေးခဲ့တဲ့ အစ်မ၊ ဝင်းဝင်းမေ၊ 'မြတ်မော်' ဇာတ်ကောင်ကို ဖန်တီးစဉ်တစ်လျှောက် စိတ်ကူးပေါ်တိုင်း ကျွန်မ မေးမြန်းသမျှ ဖြေပေးခဲ့တဲ့ မောင်ဂါကြီး၊ Source here My Love သီချင်းကို ကြားဖူးရုံကနေ ခံစားသက်ဝင်အောင် စာသင်ချိန်တွေမှာ မိတ်ဆက်ပေးခဲ့တဲ့ NUAC Yangon က ဆရာဦးသန်းအေး၊ ဇူလိုင်လထဲ ဒီစာအုပ် ထွက်လိုက်ချင်တဲ့ ကျွန်မအတွက် အချိန်ပေး ဖြည့်ဆည်းပေးခဲ့ကြတဲ့ ကံ့ကော်ဝတ်ရည် မိသားစု .. ကျေးဇူးစကား လှိုက်လှဲစွာ ဆိုပါရစေ။

ကျွန်မ တစ်ခါက ပြောခဲ့ဖူးသလိုပါပဲ။ အလွမ်းဆိုင်ဟာ လွမ်းလို့ ရေးတဲ့ စာပါ။ ခပ်ရိုးရိုး စာလေး တစ်ပုဒ်ပါ။ ပုံစံ သုံးမျိုး ပြောင်းရေးခဲ့ပြီးတော့ နောက်ဆုံးပုံစံကို အတည်ယူ၊ အချိန်ကာလ တစ်ခု ပေးခဲ့ဖူးတဲ့ စာမို့ အမှတ်ရစရာလည်း များ စွာ ရှိခဲ့ပါတယ်။ ခေတ်တစ်ခုရဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ၊ မြို့တစ်မြို့ စတင်တည်ရှိလာပုံကအစ နောက်ခံ သမိုင်းဇာတ်လမ်းတွေ လေ့လာနိုင်ခဲ့ တာဟာ စာရေးသူ တစ်ယောက်အတွက် အဖိုးလည်း တန်သလို တကယ်ရေးတဲ့ အခါမှာ အခက်အခဲလည်း ဖြစ်ခဲ့ပါတယ်။ ဘာလို့ ဆို ကိုယ်သိသမျှ ထည့်လိုက်ချင်၊ ရေးလိုက်ချင်တော့ တာကိုး။ ဒီစိတ်ကို အတတ်နိုင်ဆုံး ပျောက်ပါတယ်။ အချက်အလက်တွေ မေ့ပြီး ဝတ္ထုဟာ ဝတ္ထုဖြစ်ဖို့ ပဲ အာရုံစိုက်ခဲ့ပါတယ်။

ကလေးလေး တစ်ယောက်ကို ဝမ်းနဲ့ လွယ်ပိုးထားတဲ့ တစ်ချိန်တည်းမှာ ပဲ စာတစ်အုပ်ကိုလည်း ရင်ခွင်ပိုက်ထားခဲ့ဖူးပါတယ်။ ခုတော့ ကျွန်မရဲ့ ချစ်လှစွာသော သားသမီး 'အလွမ်းဆိုင်' ကို စာဖတ်သူဆီ ပို့လိုက်ပါပြီ။

ချစ်ခင်စွာ
စံပယ်ဖြူနု

*****